MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.
Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော (၁၃) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး၌ အတည်ပြုခဲ့သည့် ဆုံးဖြတ်ချက်များအား အသိပေးကြေညာခြင်း

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပက်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့သည် ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်နေ့စွဲဖြင့် ထုတ်ပြန်ထားသော (၁၃) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် ဆောင်ရွက်မည့်ကိစ္စများ အသိပေးကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည့် အောက်ဖော်ပြပါ ဆုံးဖြတ်ချက်များအား ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင်ပြုလုပ်ခဲ့သော ကုမ္ပဏီ၏ (၁၃) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာရှင်များမှ သဘောတူ ဆုံးဖြတ်ခဲ့ကြောင်း အသိပေး ကြေညာအပ်ပါသည်။

<u>ဆုံးဖြတ်ချက်များ</u>		<u>ရလဒ်</u>
၁။	ကုမ္ပဏီ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်း၊ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် ပြင်ပစာရင်းစစ်အစီရင်ခံစာအားအတည်ပြုရန်။	အတည်ပြုသည်။
၂။	ကုမ္ပဏီ၏၂၀၂၆ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေများပေါ် အခြေခံ၍ ကုမ္ပဏီမှ အဆိုပြုထားသော အမြတ်ဝေစုအား အတည်ပြုရန်။	အတည်ပြုသည်။
၃။	ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့အတွက် ဒါရိုက်တာအဖွဲ့ဝင်များအား ရွေးချယ်ခန့်အပ်ရန်နှင့် ဒါရိုက်တာအဖွဲ့မှ ခန့်အပ်ရန် အဆိုပြုထားသည့် လွတ်လပ်သော ဒါရိုက်တာများကို အတည်ပြုရန်။ ရွေးချယ်ခြင်းခံရသည့် ဒါရိုက်တာများမှာ - ဦးထွန်းလွင်၊ ဦးဉာဏ်သစ်လှိုင်၊ ဦးမြင့်ဖော် ခန့်အပ်ခြင်းခံရသည့် လွတ်လပ်သော ဒါရိုက်တာများမှာ - ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ ဦးအောင်ညွန့်၊ ဦးတိုးအောင်မြင့်၊ ဦးငွေးချွန် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် တာဝန်ယူမည့် ဒါရိုက်တာအဖွဲ့ဝင်များမှာ - ၁။ ဦးဝင်းအောင် ၂။ ဦးထွန်းလွင် ၃။ ပါမောက္ခဒေါက်တာအောင်ထွန်းသက်	အတည်ပြုသည်။

၄။ ဦးအောင်ညွန့်
၅။ ဦးတိုးအောင်မြင့်
၆။ ဦးငွေးချွန်
၇။ ဦးသောင်းဟန်
၈။ ဒေါက်တာဉာဏ်သစ်လှိုင်
၉။ ဦးမြင့်ဇော်
၁၀။ ဦးသူရိန်အောင်
၁၁။ ဦးမင်းဦး
၁၂။ ဒေါ်အေးအေးအောင်
၁၃။ ဦးဝဏ္ဏခိုင်

၄။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ကုမ္ပဏီ၏ ပြင်ပစာရင်းစစ်အဖြစ် ဝင်းသင်နှင့် အဖွဲ့စာရင်းစစ်များအား စာရင်းစစ်အဖြစ်ပြန်လည်ခန့်အပ်ခြင်းနှင့် အခကြေးငွေများအား အတည်ပြုရန်။ — အတည်ပြုသည်။

၅။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့ဆုကြေးအား ကုမ္ပဏီအုပ်စု အမြတ်၏ (၁.၆) ရာခိုင်နှုန်းနှင့် ညီမျှသောပမာဏကို ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များအား ခွဲဝေပေးရန်။ — အတည်ပြုသည်။

နှစ်ပတ်လည်အထွေထွေအစည်းအဝေးအပြီး တစ်ဆက်တစ်စပ်တည်း ၁၃-၁၀-၂၀၂၆ ရက်နေ့တွင် ကျင်းပခဲ့သည့် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ (၁/၂၀၂၆-၂၀၂၇) ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ ဒါရိုက်တာများအား ပူးတွဲပါ ရာထူးများအတိုင်း တာဝန်ပေးအပ်ခဲ့ပါသည် -

(က)	ဦးဝင်းအောင်	ဥက္ကဋ္ဌ
(ခ)	ဦးထွန်းလွင်	ဒုတိယဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့အတွင်းရေးမှူး
(ဂ)	ပါမောက္ခဒေါက်တာအောင်ထွန်းသက်	လွတ်လပ်သောဒါရိုက်တာ
(ဃ)	ဦးအောင်ညွန့်	လွတ်လပ်သောဒါရိုက်တာ
(င)	ဦးတိုးအောင်မြင့်	လွတ်လပ်သောဒါရိုက်တာ
(စ)	ဦးငွေးချွန်	လွတ်လပ်သော ဒါရိုက်တာ

(ဆ)	ဦးသောင်းဟန်	ဒါရိုက်တာ
(ဇ)	ဒေါက်တာဉာဏ်သစ်လှိုင်	ဒါရိုက်တာ
(ဈ)	ဦးမြင့်ဇော်	အမှုဆောင် အရာရှိချုပ်
(ည)	ဦးသူရိန်အောင်	ဒါရိုက်တာ
(ဋ)	ဦးမင်းဦး	ဒါရိုက်တာ
(ဌ)	ဒေါ်အေးအေးအောင်	ဒါရိုက်တာ
(ဍ)	ဦးဝဏ္ဏခိုင်	ဒါရိုက်တာ

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်းပက်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီး၌ အစုရှယ်ယာရှင်များအား အသိပေး ကြေငြာခဲ့သည့်အတိုင်း အစုရှယ်ယာ တစ်စုလျှင် အမြတ်ဝေစု (၁၅၀) ကျပ်အား ၁၅.၁၁.၂၀၂၆ နေ့မှစတင်ကာ အစုရှယ်ယာရှင်များသို့ ခွဲဝေပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ အသေးစိတ်အစီအစဉ်ကို ထပ်မံကြေငြာပေးသွားပါမည်။

ထွန်းလွင်

Board Secretary